# ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ ဥပဒေ

## ကိုယ်ထိလက်ရောက် စော်ကားခံရသူများကို လေးစားခြင်း

BURMESE

ဗစ်တိုးရီယားပြည်နယ်တွင် ကိုယ်ထိလက်ရောက် စော်ကားခံရသူများ၏ ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည့် ဥပဒေရှိသည်။ ၎င်းကို ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာဥပဒေ ဟုခေါ်ပါသည်။

### သင့်အတွက် ဤဥပဒေ၏ အဓိပ္ပါယ်မှာ -

1. သင့်ကို ရဲတပ်ဖွဲ့၊ စုံစမ်းစစ်ဆေးသူများ၊ စော်ကားခံရသူများအတွက် ဝန်ဆောင်မှုများ အပါအဝင် သင်နှင့် ဆိုင်သော အမှုကိစ္စကို ဆောင်ရွက်နေသူအားလုံးက တရားမျှတစွာ ဆက်ဆံရမည်။

2. သင့်အား သင့်ရပိုင်ခွင့် အခွင့်အရေးများကို ပြောပြအသိပေးရမည်။ သင့်ကိုကူညီနိုင်သော အခြားသူများနှင့် လည်း ဆက်သွယ်ပေးရမည်။

3. ရဲတပ်ဖွဲ့က သင့်အမှုကိစ္စ မည်သည့်အခြေအနေရှိနေသည်ကို ပြောပြရမည်။

4. အကယ်၍ တစ်စုံတစ်ယောက်ကို ရဲတပ်ဖွဲ့က ရာဇဝတ်ပြစ်မှုနှင့် တရားစွဲထားလျှင် တရားစွဲထားကြောင်းနှင့် ရုံးတော်တွင် မည်ကဲ့သို့ဆောင်ရွက်ရမည့်အကြောင်း သင့်အားပြောပြရမည်။

5. တခါတရံတွင် ရာဇဝတ်မှုနှင့်တရားစွဲထားသောသူများ "အာမခံ" ရကြသည်။ ၎င်းမှာ တရားရုံးသို့ မလာမီ လွတ်လပ်စွာသွားလာနိုင်သည်ဟု အဓိပ္ပါယ်ရသည်။ ဤသို့သောအခြေအနေတွင် အန္တရာယ်ကင်းစွာ သင် နေနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ထားသည်ကို သင့်အားပြောပြရမည်။

6. တရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့် သင် မည်သည့်အရာများပြောဆိုရမည်၊ မည်သည်တို့ ပြုလုပ်ရမည်ကို သင့်အား ပြောပြထားရမည်။

7. အကယ်၍ တရားရုံးသို့သွားရလျှင် တရားရုံးထဲတွင် သင့်ကို အန္တရာယ်ကင်းစွာထားရမည်။ ထို့အပြင် သင့်ကို စော်ကားသူထံမှလည်း အကာအကွယ်ပေးရမည်။

8. အကယ်၍ ထိုသူကိုအပြစ်ရှိကြောင်း တရားရုံးကဆုံးဖြတ်လျှင် သင်ဘာတွေဖြစ်ခဲ့သည်ကို တရားရုံးမှသိရန် စော်ကားခံရသူအပေါ် အကျိုးသက်ရောက်မှုအတိုင်းအတာ ထွက်ဆိုချက်မှတ်တမ်းကို ရေးပေးနိုင်သည်။

9. သင့်အမည်နှင့် ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းရပါမည်။

10. အကယ်၍ ရဲတပ်ဖွဲ့က သင့်ပိုင်ဆိုင်ပစ္စည်းအချို့ကို သက်သေအထောက်အထားအဖြစ် လိုအပ်ခဲ့လျှင် သူတို့က ကောင်းမွန်စွာအသုံးပြုပြီး အသုံးပြုရန်မလိုတော့သောအခါ ပြန်၍ပေးရမည်။

11. သင့်အပေါ်ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး အစိုးရထံမှ ရနိုင်သည့် နစ်နာကြေး၊ လျော်ကြေးအကြောင်း သင့်အားပြောပြရမည်။

12. အကယ်၍ သင့်အားအန္တရာယ်ပြုသူ ထောင်ကျပါက သင့်အမည်ကို ကိုယ်ထိလက်ရောက်စော်ကားခံသူများ၏ မှတ်ပုံတင်စာအုပ်တွင် သင့်အမည်ရေးထားခြင်းဖြင့် ထိုသူမည်သည့်နေ့တွင် ထောင်မှလွတ်မည်ကို သိထားနိုင် သည်။ အချို့အမှုများတွင် သင့်ကိုအန္တရာယ်ပြုသူ ထောင်မှလွတ်ပါက သင်မည်ကဲ့သို့ခံစားရသည်ကို ပြောပိုင် ခွင့်ရှိသည်။

State Government Victoria

# ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ ဥပဒေ

## ကိုယ်ထိလက်ရောက် စော်ကားခံရသူများကို လေးစားခြင်း

BURMESE

### သင် မည်သူများထံမှ အကူအညီတောင်းနိုင်သလဲ?

အကယ်၍ သင် ပိုမိုသိလိုပါက သို့မဟုတ် ဖြစ်ခဲ့သည့်ကိစ္စရပ်၏ အကျိုးဆက်များကို ခံနိုင်ရန်နှင့် ပြန်ပြီးသက်သာလာစေရန် အကြံဉာဏ်ရယူလိုပါက **ကိုယ်ထိလက်ရောက် စော်ကားခံရသူများအတွက် အကူအညီဖုန်းလိုင်း 1800 819 817** ကို ဆက်သွယ်နိုင်သည်။ ဤ အကူအညီလိုင်းမှာ ကိုယ်ထိလက်ရောက်စော်ကားခံသူတို့၏ မိသားစုများ သို့မဟုတ် ရာဇဝတ်မှု တစ်ခုခုကြောင့် ထိခိုက်နစ်နာရသူများအတွက်ဖြစ်သည်။ အကယ်၍ အကူအညီလိုင်းကိုခေါ်ရာတွင် စကားပြန်တစ်ဦး လိုအပ် ပါက အကူအညီလိုင်းဝန်ထမ်းများက သင့်အတွက် စီစဉ်ပေးနိုင်ပါသည်။ ကူးရှို့ဒေသရှိ ကိုယ်ထိလက်ရောက် စော်ကားခံရသူ များသည် အကူအညီဖုန်းလိုင်းကို ခေါ်ခြင်းအားဖြင့် ရှေးဦးတိုင်းရင်းသားများ ကိုယ်ထိလက်ရောက် စော်ကားခံရခြင်းဆိုင်ရာ အထောက်အကူပြုဝန်ထမ်းများကို ဆက်သွယ်နိုင်ပါသည်။

အကူအညီလိုင်းမှာ အများပြည်သူ ရုံးပိတ်ရက်များမှအပ တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် 8:00 နာရီမှ ည 11.00 နာရီအထိ ခေါ်နိုင်ပါသည်။

သင့်အနေနှင့် အသုံးဝင်သော အချက်အလက်များကို www.justice.vic.gov.au/victimsofcrime တွင် လည်း ဖတ်ရှုနိုင်ပါသည်။

### မကျေနပ်မှုဖွင့်ဟခြင်း

ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာဥပဒေမှာ ဗစ်တိုးရီးယားပြည်နယ်တွင် ကိုယ်ထိလက်ရောက် စော်ကားခံရသူ များ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်သည်။ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုနှင့် စော်ကားခံရသူများအတွက် ကူညီပံ့ပိုးသည့် ဝန်ဆောင်မှုအားလုံးက သင့်ကိုလေးစား ယဉ်ကျေးစွာ၊ သိက္ခာရှိစွာဆက်ဆံရမည့်အပြင် သင့်ကို သက်ဆိုင်ရာ ကူညီပံ့ပိုးသည့်ဝန်ဆောင်မှုများအကြောင်း၊ ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုအကြောင်း၊ တရားရုံး၏တွေ့ရှိချက်၊ ဆုံးဖြတ်ချက်များ ကို အသိပေးရမည့် အခွင့်အရေးရှိသည်။ ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ ဥပဒေ၏ အရေးကြီးသော အနှစ် သာရမှာ ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာဥပဒေထဲမှ တစ်ချက်ချက်ကိုမလိုက်နာဟု အကယ်၍သင်က ယူဆ ခဲ့လျှင် သင့်အနေနှင့် မကျေနပ်မှုဖွင့်ဟနိုင်ခွင့်ရှိသည်။ အကယ်၍သင် ကိုယ်ထိလက်ရောက်စော်ကားခံရသူများ၏ ရပိုင်ခွင့် ကို ပိုမိုသိလိုပါက ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ စုံစမ်းမေးမြန်းရန်နှင့် မကျေနပ်မှုဖွင့်ဟရန်လိုင်း အမှတ် **1800 118 728** ကို ဆက်သွယ်နိုင်ပါသည်။

### ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ မှတ်ပုံတင်စာအုပ်

အကယ်၍သင့်ကို စော်ကားသူ ထောင်ကျခဲ့လျှင် သင့်အနေနှင့် 'ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ မှတ်ပုံတင် စာအုပ်' တွင် သင့်အမည်ကို ရေးဖြည့်နိုင်သည်။ ဆိုလိုသည်မှာ ထိုအချုပ်သားပြန်လွတ်သည့်နေ့ စသည့် အချုပ်သားနှင့် ဆိုင် သောအချက်များကို သင်သိရမည်ဖြစ်သည်။ ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် အမည် စာရင်းပါသူအနေနှင့် ထောင်ကျနေသူပြန်လွတ်ခါနီးတွင် သင်မည်ကဲ့သို့ခံစားနေရကြောင်း ကတိခံဝန်ချက်ဖြင့်လွတ်ပေးသည့် ဘုတ်အဖွဲ့ကို ပြောပြနိုင်သည့် အခွင့်အရေးရှိသည်။

ကိုယ်ထိလက်ရောက်စော်ကားခံရသူများဆိုင်ရာ မှတ်ပုံတင်စာအုပ်အကြောင်း ပိုမိုသိလိုပါက **ကိုယ်ထိလက်ရောက် စော်ကား ခံရသူများအတွက် အကူအညီလိုင်း 1800 819 817** ကိုဆက်သွယ်ပြီး ကိုယ်ထိလက်ရောက်စော်ကားခံရသူများဆိုင်ရာ မှတ်ပုံတင်ခြင်းအတွက် အကူအညီပေးသူနှင့်တွေ့လိုကြောင်းပြောပြပါ။

### သင့် လူမျိုးစုအဖွဲ့အစည်းကို အသိပေးခြင်း

ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာဥပဒေကို ကိုယ်ထိလက်ရောက်စော်ကားခံရသူများအား ကူညီပံ့ပိုးသည့်ဌာန က အသိပေးဖြန့်ချိပါသည်။ ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာ ဥပဒေအကြောင်းကို အသိပေးဖြန့်ချိခြင်းမှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။

– ကျွန်ုပ်တို့က သင့်လူမျိုးစုအဖွဲ့အစည်းနှင့် ကူညီပံ့ပိုးသည့်အဖွဲ့များကို တွေ့ဆုံပြောဆိုနိုင်ပါသည်
– ကျွန်ုပ်တို့က ကိုယ်ထိလက်ရောက် စော်ကားခံရသူများဆိုင်ရာဥပဒေ၏ မိတ္တူများစွာကို ပို့ပေးနိုင်ပါသည်
– ကျွန်ုပ်တို့က ကိုယ်ထိလက်ရောက် စော်ကားခံရသူများအတွက် အခြားဝန်ဆောင်မှုများထံ သတင်းအချက်အလက် များနှင့်အတူ ရည်ညွှန်း ဆက်သွယ်ပေးနိုင်ပါသည်

ကိုယ်ထိလက်ရောက် စော်ကားခံရသူများအတွက် အကူအညီလိုင်းကို 1800 819 817 တွင်၎င်း၊ သို့မဟုတ် ကိုယ်ထိ လက်ရောက် စော်ကားခံရသူများဆိုင်ရာ ဥပဒေနှင့်ပတ်သက်ပြီး မေးမြန်းရန်နှင့် မကျေနပ်မှုဖွင့်ဟရန် 1800 118 728 တွင်၎င်း ဆက်သွယ်ပါ။

State Government Victoria